# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၀–၂–၂၀၁၅ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်(လယ–၃၀)လျှောက်ထားခြင်းနှင့် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားခြင်းများအပေါ် ညွှန်ကြားကန့်သတ်ချက်များ ဖြေလျှော့ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခွန်သိန်းဖေ၊ ဟိုပုံး မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝှမ်းလုံးရှိ လမ်းများအား ဦးစားပေးအဆင့်များ သတ်မှတ်ကာ လမ်းသားများ၊ လမ်းဧရိယာများကို လုံလောက်စွာ ဖောက်လုပ်ရယူသတ်မှတ်ထားရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **မြေလွတ်မကျန်သည့် ဆောက်လုပ်ရေး စီမံကိန်းများ၊ အရည်အသွေးမမီသော ဆောက်လုပ်မှုများ လတ်တလောဆိုင်းငံ့ထားရန်၊ ရေရှည်တည်တံ့သော မြို့ပြစီမံခန့်ခွဲမှု အတွက် ပညာရှင်များပါဝင်သည့် ကောင်စီတစ်ရပ် ဖွဲ့စည်း ဆောင်ရွက်ရန် နှင့် မြေအသုံးချမှု အဆောက်အဦအမြင့် ကန့်သတ်သည့် ဇုန်ခွဲများမှ အစီအမံများ အတည်ပြုပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးကင်းစိန်၊ သရက်ချောင်း မဲဆန္ဒနယ်က **"ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် မြန်မာ့ရေပိုင်နက်အတွင်း တိုင်းရင်းသား ငါးဖမ်းလုပ်ငန်းရှင် များအား ငါးဖမ်းကွက်များ သတ်မှတ်၍ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီ ငါးဖမ်းကွက်(၄)ကွက်တွင် ကမ်းဝေး ငါးဖမ်းယာဉ်များကို စက်တင်ဘာလ (၁)ရက်နေ့မှ မေလ(၃၁)ရက်နေ့အထိ ငါးဖမ်းရာသီအဖြစ် (၉)လ ဖမ်းဆီး ခွင့်ပြုထားပြီး ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ (၃၁)ရက်နေ့အထိ ငါးမဖမ်းရ ရာသီအဖြစ် စဉ်ဆက်မပြတ်သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာ့ ဆိပ်ကမ်း အာဏာပိုင် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။